# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၄
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးချုပ် (နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာ (၁၀) နေရာ နှင့် ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူးနေရာ(၁) နေရာများအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) အငယ်တန်းစာရေးရာထူးအတွက် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခု မှ အနည်းဆုံး ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ ဘွဲ့လွန်မဟာဘွဲ့ ရရှိသူကို ဦးစားပေးမည်။ ကွန်ပျူတာအခြေခံ ကျွမ်းကျင်မှုရှိရမည်။

( ဂ ) ရုံးအကူရာထူးအတွက် အနည်းဆုံးအခြေခံပညာအထက်တန်း အောင်မြင်ပြီး ဖြစ်ရမည်။

(ဃ) ၃၀.၄.၂၀၂၄ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( င ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

( စ ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

( ဆ) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ်တစ်ခုခု ကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ ၊ ထုတ်ပယ်ခံရသူ၊ ထုတ်ပစ်ခံရသူ မဖြစ်စေရ။

( ဇ ) ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း(၃)နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(ဈ ) အငယ်တန်းစာရေးရာထူးလျှောက်ထားသူသည် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ (၃)နှစ် ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၁၀) သိန်း (ကျပ်တစ်ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

( ည ) ရုံးအကူရာထူးလျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ (၃)နှစ် ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်

ပါက လျော်ကြေးငွေကျပ် (၅) သိန်း (ကျပ်ငါးသိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Website ဖြစ်သော https://myantrade.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)။

(ဂ) အခြေခံပညာအထက်တန်း အောင်လက်မှတ်(မိတ္တူ) ၊ ဘွဲ့လက်မှတ်(မိတ္တူ) ၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ထိုးရန်)

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ။

(င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံး၏ထောက်ခံချက်(မူရင်း)နှင့်သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ သို့မဟုတ် ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ထောက်ခံချက် (မူရင်း)။

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံချက်(မူရင်း)။

(ဇ) အိမ်ထောင်စုစာရင်း(မိတ္တူ)။

၅။ လျှောက်လွှာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးချုပ်(နေပြည်တော်) သို့ **၆-၅-၂၀၂၄** ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန် ပေးပို့လာသော၊ အချက်အလက်မပြည့်စုံသော၊ သတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၆။ သတ်မှတ်ထားသည့်အချက်အလက်နှင့်ပြည့်စုံသောဖြေဆိုခွင့်ရရှိသူများမှ အငယ်တန်းစာရေး ရာထူးအတွက် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှု ရေးဖြေစာမေးပွဲနှင့် အထွေထွေဗဟုသုတ(လူတွေ့)စစ်ဆေးခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ရုံးအကူရာထူးအတွက် ရေးဖြေ ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေး ခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်း ကြားပါ မည်။

၈။ ရေးဖြေ စစ်ဆေးခြင်းကို ၁၁-၅-၂၀၂၄ (စနေနေ့) နံနက် (၀၉:၃၀)နာရီ မှ (၁၀:၃၀)နာရီထိ အင်္ဂလိပ်စာဘာသာရပ် ၊ (၁၀:၄၅)နာရီ မှ (၁၁:၄၅)နာရီ ထိ အထွေထွေဗဟုသုတ နှင့် (၁၃:၀၀)နာရီ

ကွန်ပျူတာဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်နှင့်အချိန်တို့ကို https:// myantrade.gov.mm(Myantrade Website) တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ် သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃) ၊ (နေပြည်တော်) ဖုန်းနံပါတ် ၀၆၇-၃၄၀၈၆၂၈ နှင့် ၀၆၇-၃၄၀၈၆၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့